AUSCO

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင် ကျင့်သားရစေခြင်းဆိုင်ရာ အစီအစဉ် သင်တန်း

# အဆက်အသွယ် ဆက်လက်ထားရှိခြင်း

သင့်လူမှုအသိုင်းအဝိုင်းနှင့် အဆက်အသွယ် ဆက်လက်ထားရှိခြင်းသည် သင် ဩစတြေးလျား၌ အခြေကျရေးကို အထောက်အကူပြုရာတွင် အရေးကြီးသည့်နည်းလမ်းတစ်ခုဖြစ်ပါသည်။ လူမှုရေး နှင့် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများနှင့် ဆက်စပ်နေမှုကို ထားရှိခြင်းအားဖြင့် သင့်အရပ်ဒေသ၌ ရှိနေထိုင်ကြသူများနှင့် အရေးကြီးသော အချိတ်အဆက်များရှိခြင်းကို ပံ့ပိုးပေးပါသည်။ ပင်လယ်ရပ်ခြားနေ မိတ်ဆွေများ၊ မိသားစုတို့နှင့် ဆက်စပ်နေမှုရှိသည့်စိတ် ရှိခြင်းသည်လည်း ဩစတြေးလျား၌ ပျော်ရွှင်စွာနေထိုင်နိုင်မှု၏ အရေးကြီးသော တစ်စိတ်တစ်ဒေသဖြစ်ပါသည်။

## လူမှုအသိုင်းအဝိုင်း နှင့် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ

ဩစတြေးလျား၏ အရပ်ဒေသတစ်ခုစီ၌ ပြောင်းရွှေ့လာကြသူများအား အထောက်အပံ့ပေးသော ဝန်ဆောင်မှုမျိုးစုံရှိပါသည်။ သင့်အနေနှင့် အခြားလူများအား တွေ့ဆုံနိုင်ပြီး အတွေ့အကြုံအသစ်များ ရရှိရန် သို့မဟုတ် ဝါသနာပါဟောင်းများကို ဆက်လက်လိုက်စားရန် သွားရောက်နိုင်သည့် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းများ၊ အားကစား အသင်းများ နှင့် လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များလည်းရှိပါသေးသည်။

## စာကြည့်တိုက်များ

အများပြည်သူ စာကြည့်တိုက်များ၌ သင်ငှားရမ်းနိုင်သော၊ သို့မဟုတ် စာကြည့်တိုက်တွင် ထိုင်ဖတ်နိုင်သော ဘာသာစကားပေါင်းစုံဖြင့် ဖတ်ရှုနိုင်စရာများ ရှိတတ်ပါသည်။ အများစုသော အများပြည်သူ စာကြည့်တိုက်များ၌ သင့် အသုံးပြုနိုင်ရာ အင်တာနက် နှင့် ကွန်ပျူတာများလည်းရှိပါသည်။

## ရုပ်မြင်သံကြား နှင့် ရေဒီယို

**အထူး ရုပ်သံလွှင့် ဝန်ဆောင်မှုဌာန** (Special Broadcasting Service – SBS) သည် ဘာသာစကား အမြောက်အမြားအရ ရုပ်မြင်သံကြား နှင့် ရေဒီယို သတင်းများကို လွှင့်ပေးပါသည်။

## ဖုန်းများ

မြေသွယ်ကြိုးလိုင်း သို့မဟုတ် မိုဘိုင်းဖုန်းများနှင့် ဖုန်းဆက်နိုင်ပါသည်။ ဒေသခံအရပ်အတွင်း ဖုန်းခေါ်ခများသည် ဈေးအပေါဆုံးဖြစ်ပါသည်။ ရပ်ဝေး နှင့် ပင်လယ်ရပ်ခြား ဖုန်းဆက်ခများသည် ဈေးကြီးနိုင်ပါသည်။ အထူးဖုန်းကတ်ပြားများကို သတင်းစာ ကိုယ်စားလှယ်ဆိုင်များ နှင့် ဈေးငယ်များကဲ့သို့သော ဆိုင်အချို့များ၌ ရောင်းချပေးပြီး၊ ယင်းကတ်ပြားများကို အသုံးပြုကာ ပင်လယ်ရပ်ခြားသို့ ဈေးချိုစွာ ဖုန်းဆက်နိုင်ပါသည်။

မြေသွယ်ကြိုးလိုင်း တယ်လီဖုန်း စနစ်ဖြင့် သင့်အိမ်၌ ဖုန်းလိုင်းသွယ်ပေးနိုင်ပါသည်။ တယ်လီဖုန်း ဝန်ဆောင်မှု ဆောင်ရွက်ပေးသော ကုမ္ပဏီများစွာရှိပါသည်။ သင်သည် ဆက်သွယ်ကြေးတစ်ခုကို ပေးရလေ့ရှိပြီး ထိုဖုန်းနှင့် ဆက်ခေါ်ခြင်းဟူသမျှအတွက် သင့်ထံ ကျသင့်ငွေတောင်းခံလွှာများကို လစဉ်ပို့လိမ့်မည်ဖြစ်သည်။

မိုဘိုင်းဖုန်းများ သုံးရန် အလွန်အဆင်ပြေသော်လည်း အလွန်ဈေးကြီးနိုင်ပါသည်။ မိုဘိုင်းဖုန်းများအား ကျသင့်ငွေကို နောက်မှ ပုံမှန်ပေးရသည့်စနစ် သို့မဟုတ် ကြိုတင်ပေးသွင်းရသည့်စနစ်အရ စီစဉ်ရယူနိုင်ပါသည်။ သင့်ဖုန်းခေါ်ခ ကုန်ကျစရိတ်များကို ကန့်သတ်ထားရန် လိုအပ်လျှင်၊ ကြိုတင်ပေးစနစ်က ကောင်းမွန်သည်။ ဤစနစ်တွင် သင်သည် ငွေကို ကြိုတင်ပေးထားရပြီး ထိုငွေ ကုန်ခမ်းသွားသည့်အခါ၌ သင်နောက်ထပ်ငွေ မသွင်းသမျှကာလပတ်လုံး ဖုန်းမဆက်နိုင်တော့ပါ။ သင် မတတ်နိုင်သည်ထက် ဘယ်တော့မျှ ပိုမသုံးမိနိုင်သဖြင့် ရငွေ၊ သုံးငွေအား တွက်ချက်လျာထားနိုင်ရန်အတွက် ကြိုတင်ပေးစနစ်ကို အသုံးပြုခြင်းက ကောင်းပါသည်။

အကယ်၍သင်သည် နောက်မှ ပုံမှန်ပေးရသည့်စနစ်ကို ရွေးချယ်လျှင်၊ သင်သည် သဘောတူစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးရပြီး ကြိုတင်သတ်မှတ်ထားသော ငွေပမာဏတစ်ခုကို လစဉ်ပေးရပါသည်။ ဤစနစ်အရ နောက်ထပ်ငွေအပို မပေးရဘဲ ကြိုတင်သတ်မှတ်ထားသော ဖုန်းဆက်ခေါ်သည့် အရေအတွက်အထိ ဖုန်းဆက်နိုင်ပါသည်၊ သို့သော်လည်း သင်သည် သတ်မှတ်ထားသော ဖုန်းဆက်ခေါ်သည့် အရေအတွက်ထက်ပိုပြီး ဖုန်းဆက်ခဲ့ပါက သင် နောက်ထပ်ငွေအပို ပေးဆောင်ရပါလိမ့်မည်။






## စာပို့စနစ်

သင်သည် ဩစတြေးလျား၏ ဘယ်လိပ်စာသို့မဆို နှင့် ပင်လယ်ရပ်ခြားလိပ်စာ အများစုသို့ စာများ နှင့် အထုပ်များကို ပို့နိုင်ပါသည်။ သင်သည် တံဆိပ်ခေါင်းများကို စာတိုက်များမှ ဝယ်ယူနိုင်ပါသည်။ ပင်လယ်ရပ်ခြားအတွက် စာပို့တံဆိပ်ခေါင်းခများသည် ဩစတြေးလျားလိပ်စာများအတွက် စာပို့တံဆိပ်ခေါင်းခများထက် ပိုဈေးကြီးပါသည်။

## အင်တာနက်

အခြားသူများနှင့် အချိတ်အဆက်များ ထားရှိနိုင်ရန် အသုံးဝင်ရာ အခြားနည်းလမ်းတစ်ခုမှာ အင်တာနက်ဖြစ်ပါသည်။ အိမ်၌ အင်တာနက်ကို အသုံးပြုရန် သင့်ထံ၌ ကွန်ပျူတာ ရှိရန်လိုအပ်ပြီး အင်တာနက် ဝန်ဆောင်မှု ပေးသူ (Internet Service Provider – ISP) မှတဆင့် အင်တာနက်နှင့် ချိတ်ဆက်ရပါမည်။ သင်သည် ခေတ်မီ ဖုန်းများ နှင့် လက်ကိုင် ကွန်ပျူတာ အသေးစားများ ဖြင့်လည်း အင်တာနက် ကို အလွန်အဆင်ပြေလွယ်ကူစွာ ရယူအသုံးပြုနိုင်ပါသည်၊ သို့သော်လည်း ၄င်းမှာ အလွန်ဈေးကြီးနိုင်ပါသည်။ ISP အမြောက်အမြားရှိပြီး ၄င်းတို့အားလုံး၌ လစဉ်ပေးစနစ် မျိုးစုံရှိပါသည်။ သင့်အတွက် မည်သည့်စနစ်မှာ အကောင်းဆုံး နှင့် ဈေးအသက်သာဆုံးဖြစ်မည်ကိုသိရန် ဝန်ဆောင်မှုပေးသူ အချို့နှင့် ဆွေးနွေးခြင်းမှာ အကောင်းဆုံးဖြစ်ပါသည်။

အကယ်၍သင့်မှာ ကွန်ပျူတာ မရှိလျှင် သို့မဟုတ် အင်တာနက် အချိတ်အဆက်မရှိလျှင်၊ သင့်ဒေသခံ စာကြည့်တိုက်ရှိ ကွန်ပျူတာကို သင် အခမဲ့ သုံးနိုင်ပါသည်။ အကယ်၍သင် ယခင်က ကွန်ပျူတာ မသုံးခဲ့ဘူးလျှင် သို့မဟုတ် ကွန်ပျူတာ မသုံးရဲလျှင်၊ သင့်ဒေသခံ စာကြည့်တိုက်၌ ကွန်ပျူတာ နှင့် အင်တာနက် များအကြောင်းကို သင့်အား  သင်ကြားပေးနိုင်ရာ သင်တန်းများ ရှိကောင်းရှိနိုင်ပါသည်။







Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန  ၏ ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM